နေ့စွဲ - အောက်တိုဘာ ၂၇ ၂၀၁၆။

လားဟူ အမျိုးသား ဖွံ့ဖြိုးရေး အဖွဲ့ (LNDO)မှ ထုတ်ပြန်ချက်

မြန်မာစစ်တပ်၏ ဗျူဟာသည် ရွှေတြိဂံရှိ မူးယစ်ဆေးရောင်းဝယ်မှုအပေါ် မှီခိုနေကြောင်း လားဟူ အစီရင်ခံစာတွင် ဖော်ထုတ်ထားသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ပြည်သူ့စစ်အင်အားများတိုးချဲ့ရာ၌ မူးယစ်ဆေးရောင်းဝယ်မှုကို အားကိုး၍လုပ်နေခြင်းဖြစ်ကြောင်း လားဟူအမျိုးသားဖွံ့ဖြိုးရေးအဖွဲ့ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

" မူးယစ်ဆေးမှ အာဏာ "အစီရင်ခံစာသည် မြေပြင်မှ ထူးခြားသည့်အချက်အလက်တို့ကို အခြေ ခံထားသည်။ မြန်မာစစ်တပ်၏ ပြည်သူ့စစ်တို့သည် တောထဲ၌မူးယစ်ဆေးချက်ရုံများကို ကာကွယ်စောင့် ရှောက်လျှက် မူးယစ်ရာဇာတို့အတွက် ဘိန်းဖြူနှင့် စိတ်ကြွဆေးများ ထုတ်နေသောကြောင့် မြန်မာတပြည်လုံးရှိ ဒေသများတွင် လူအသိုင်းအဝိုင်းများပျက်စီးနေရကြောင်း ဖော်ပြထားသည်။

သံလွင်မြစ် အရှေ့ဘက်ရှိ တောတောင်ထူထပ်သော ဒေသများကို ထိန်းချုပ်နိုင်ရန်အတွက် အရှိမဖြစ်လိုအပ်သည်မှာ ဒေသခံပြည်သူ့စစ်များဖြစ်သည်။ ပြည်သူ့စစ်အများစုမှာ လားဟူများဖြစ်ကြသည်။ ထိုဒေသတွင် အပစ်ရပ်စဲရေးလုပ်ထားသော်လည်း မြန်မာစစ်တပ်က ပြည်သူ့စစ်အင်အားကိုတိုးချဲ့လျှက်ရှိသည်။ လွန်ခဲ့သည့် နှစ်က ၁၀ ပြည်သူ့စစ်အဖွဲ့ ၆၈ ဖွဲ့ အင်အား ၂၃၀၀ ခန့်ရှိခဲ့သော်လည်း ယခုအခါ ၈၇ ဖွဲ့ဖြစ်လာ၍ အင်အား ၃၄၀၀ ခန့်ရှိသည်။

ပြည်သူစစ်တို့သည် ဘိန်းချက်ရုံ ပိုင်တို့ထံ လက်ဝါးကြီးအုပ် ဘိန်းရောင်းရာမှဒင်း၊ ဘိန်း ချက်ရုံများတွင် အရင်းအနှီးမြုပ်နှံခြင်းဖြင့်ဒင်း၊ ဖြန့်ဖြူးမည့်သူများထံ ပို့ဆောင် ပေးခြင်းဖြင့်ဒင်း၊ အမြတ်များစွာရရှိသည်။ ဤငွေတို့က ပြည်သူ့စစ်ကို ကြီးထွားစေ၍ ခေါင်းဆောင်တို့ကို ချမ်းသာစေခဲ့သည်။ ရှမ်းပြည်အရှေ့ပိုင်းကို ချုပ်ကိုင်ရန် ကျိုးပမ်းနေကြသည့် ဝ နှင့်ရှမ်းတွေအပါအဝင် တိုင်းရင်းသား ခုခံရေး အင်အားစုများကို ဆန့်ကျင်နေသည့် မြန်မာစစ်တပ်အပေါ် ပြည်သူ့စစ်တို့ သစ္စာရှိနေခြင်းသည် ဤ အချက်ကြောင့်ပင်ဖြစ်ပေသည်။

" ရှမ်းပြည်အရှေ့ပိုင်းကို ထိန်းချုပ်ရန်အတွက် မြန်မာစစ်တပ်သည် ပြည်သူ့စစ်ကိုလိုအပ်သည်။ပြည်သူ့စစ်တို့၏ ကျိုးနွံမှုကိုရရန် အပြန်အလှန်အားဖြင့် မူးယစ်ဆေး ရောင်းဝယ်မှု မတားဆီး ရန်လိုကြောင်း" LNDO ဒါရိုက်တာ ဂျာဖက် ဂျဂူ ကပြောသည်။ " မူးယစ်ဆေး တိုက်ဖျက်ရေးထက် နယ်မြေထိန်းချုပ်ရေးက နေပြည်တော်အတွက် ပိုအရေးကြီးတယ်လေ။"

အစီရင်ခံစာတွင် ဘိန်းစိုက်တောင်သူများဆင်းရဲကြပုံ၊ မူးယစ်ဆေးစွဲသူများတိုးပွါးနေပုံ၊ ဟန်ပြမူးယစ်ဆေး ထိန်းချုပ်ရေး စီမံချက်များကြောင့် လားဟူလူ့အဖွဲ့အစည်းများပျက်စီးရပုံကို ဖော်ပြထားသည်။

NLD အစိုးရသစ်အနေဖြင့် မြန်မာစစ်တပ်နှင့်မူးယစ်ဆေးပတ်သက်နေမှုကို အမှန်အတိုင်းမြင်ပြီး မြန်မာပြည်ရှိ မူးယစ်ဆေးပြဿနာကို ကိုင်တွယ်ရာ၌ တိုင်းရင်းသားတွေပဋိပက္ခကို နိုင်ငံရေးနည်းဖြင့် ဦးစား ပေးဖြေရှင်းရန်လည်း LNDO က တိုက်တွန်းထားသည်။

"ဖက်ဒရယ်ဒီမိုကရေစီ စံနစ် ကျင့်သုံးနိုင်မှသာ ဒေသဆိုင်ရာခေါင်းဆောင်တွေကို သေနတ်နှင့် မဟုတ်ဘဲ ဆန္ဒမဲဖြင့် ရွေးချယ်နိုင်မည် ဖြစ်ခါ မူယစ်ဆေးထိန်းချုပ်ရေး လုပ်ငန်းကို အခိုင်အမာ အရှည်သဖြင့် လုပ်ဆောင်နိုင်မယ်။" ဟု ဂျာဖက် ဂျာဂူ က ပြောသည်။

နိုင်ငံတကာအလှူရှင်များက မူးယစ်ဆေးထိန်းချုပ်ရေး အပါအဝင် လုံခြုံရေးကဏ္ဍ အတွက် အကူအညီများတိုးမြှင့်ပေးနေခြင်းသည် ပဋိပက္ခကို တိုးပွါးစေခါ မူးယစ်ဆေးရောင်းဝယ်မှုကို အားပေးရာသာ ရောက်လိမ့်မည် ဟု LNDO က သတိပေးထားပါသည်။

အစီရင်ခံစာကို lndoess.org မှာ ဖတ်နိုင်ပါသည်။

ဆက်သွယ်ရန် -

Japhet Jagui Tel ៖ +၆၆ ၈၄ ၈၁၇ ၆၈၃၇

လားဟူ အမျိုးသားဖွံ့ဖြိုးရေး အဖွဲ့(LNDO)သည် ရှမ်းပြည်နယ် အရှေ့ပိုင်း ဖွံ့ဖြိုးရေးအတွက် ၁၉၉၇ ခုနှစ်မှစ၍ လေ့လာစောင့်ကြည့်လျှက်ရှိပါသည်။ ၂၀၁၂ ခုနှစ် ဝ များကို ရှမ်းပြည်နယ် အရှေ့ပိုင်း သို့ အဓမ္မ ရွှေ့ပြောင်းခြင်းအကြောင်း " အတည်မကျသော ရွှေ့ပြောင်းခြင်း" (Unsettling Moves) အပါအဝင် သုတေသနစာတမ်းပေါင်းများစွာကို ထုတ်ဝေ ခဲ့ပြီးဖြစ်ပါသည်။